## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း၊ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံတင်ပြချက်

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဘဏ္ဍာရေးကော်မရှင်သည် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၂၃၀ ပါ ဘဏ္ဍာရေးကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုနယ်မြေအသုံးစရိတ်များ ပါရှိသော ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေဖြည့်ဆည်းပေးမှုနှင့် ထောက်ပံ့မှုများ အပါအဝင် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ ထောက်ခံတင်ပြရန် ၂၀၁၈ ခုနှစ် ဇူလိုင်လ(၁၃)ရက်နေ့တွင် ကျင်းပသော ဘဏ္ဍာရေးကော်မရှင် (၂/၂၀၁၈) ကြိမ်မြောက်အစည်းအဝေးက အတည်ပြုဆုံးဖြတ်ခဲ့ပါသည်။

### <u>၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း</u>

၂။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ လိုငွေ ဖြည့်ဆည်းပေးခြင်းနှင့် ထောက်ပံ့ပေးခြင်းများအပါအဝင် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(ကျပ်ဘီလီယံ)

| | အကြောင်းအရာ | ပြည်ထောင်စု |
|---|---|---|
| (က) | **ရငွေများ** | ၂၀,၀၅၁.၄၉၆ |
| | (၁) သာမန် | ၁၇,၂၃၂.၃၅၅ |
| | (၂) ငွေလုံးငွေရင်း | ၄၁၈.၁၅၀ |
| | (၃) ကြွေးမြီ | ၂,၄၀၀.၉၉၁ |
| (ခ) | **သုံးငွေများ** | ၂၄,၉၅၄.၆၁၆ |
| | (၁) သာမန် | ၁၇,၅၇၃.၄၉၂ |
| | (၂) ငွေလုံးငွေရင်း | ၆,၅၀၃.၉၅၆ |
| | (၃) ကြွေးမြီ | ၈၇၇.၁၆၈ |

(ကျပ်ဘီလီယံ)

| အကြောင်းအရာ | ပြည်ထောင်စု |
| --- | --- |
| (ဂ) ပိုငွေ(+) /လိုငွေ(-) | (-) ၄,၉၀၃.၁၂၀ |
| (ဃ) ဂျီဒီပီတန်ဖိုး | ၁၀၆,၀၉၆.၃၃၆ |
| (င) လိုငွေနှင့်ဂျီဒီပီအချိုး | ၄.၆၂% |

၃။ ပြည်ထောင်စုအဆင့်ဌာန၊အဖွဲ့အစည်းများ၏ သာမန်ရငွေ၊ ငွေလုံးငွေရင်းရငွေနှင့် ကြွေးမြီရငွေတို့၏ ယမန်နှစ် ယာယီအမှန်စာရင်းနှင့် နှိုင်းယှဉ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(ကျပ်ဘီလီယံ)

| အကြောင်းအရာ | ၂၀၁၇-၂၀၁၈ ယာယီအမှန် | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေ | တိုး(+)/ လျော့(-) |
| --- | --- | --- | --- |
| (က) သာမန်ရငွေ | ၁၆,၆၄၅.၀၈၁ | ၁၇,၂၃၂.၃၅၅ | (+) ၅၈၇.၂၇၄ |
| (ခ) ငွေလုံးငွေရင်းရငွေ | ၁၁၉.၈၅၉ | ၄၁၈.၁၅၀ | (+)၂၉၈.၂၉၁ |
| (ဂ) ကြွေးမြီရငွေ | ၉၄၂.၂၇၁ | ၂,၄၀၀.၉၉၁ | (+) ၁,၄၅၈.၇၂၀ |
| စုစုပေါင်း | ၁၇,၇၀၇.၂၁၁ | ၂၀,၀၅၁.၄၉၆ | (+) ၂,၃၄၄.၂၈၅ |

၄။ ပြည်ထောင်စုအဆင့်ဌာန၊အဖွဲ့အစည်းများ၏ သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်နှင့် ကြွေးမြီအသုံးစရိတ်တို့၏ ယမန်နှစ် ယာယီအမှန်စာရင်းနှင့် နှိုင်းယှဉ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(ကျပ်ဘီလီယံ)

| အကြောင်းအရာ | ၂၀၁၇-၂၀၁၈ ယာယီအမှန် | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေ | တိုး(+)/ လျော့(-) |
| --- | --- | --- | --- |
| (က) သာမန်အသုံးစရိတ် | ၁၅,၁၅၄.၂၂၁ | ၁၇,၅၇၃.၄၉၂ | (+) ၂,၄၁၉.၂၇၁ |
| (ခ) ငွေလုံးငွေရင်းအသုံးစရိတ် | ၃,၉၃၂.၁၁၁ | ၆,၅၀၃.၉၅၆ | (+) ၂,၅၇၁.၈၄၅ |
| (ဂ) ကြွေးမြီအသုံးစရိတ် | ၇၁၆.၄၇၇ | ၈၇၇.၁၆၈ | (+) ၁၆၀.၆၉၁ |
| စုစုပေါင်း | ၁၉,၈၀၂.၈၀၉ | ၂၄,၉၅၄.၆၁၆ | (+) ၅,၁၅၁.၈၀၇ |

၅။ ပြည်ထောင်စုအဆင့်ဌာန၊အဖွဲ့အစည်းများ၏ စုစုပေါင်းရငွေ၊ စုစုပေါင်း အသုံးစရိတ်နှင့် လိုငွေတို့၏ ယမန်နှစ် ယာယီအမှန်နှင့် နှိုင်းယှဉ်ချက်မှာ အောက်ပါ အတိုင်း ဖြစ်ပါသည်-

(ကျပ်ဘီလီယံ)

| အကြောင်းအရာ | ၂၀၁၇-၂၀၁၈ ယာယီအမှန် | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေ | တိုး(+)/ လျော့(-) |
|---|---|---|---|
| စုစုပေါင်းရငွေ | ၁၇,၇၀၇.၂၁၁ | ၂၀,၀၅၁.၄၉၆ | (+) ၂,၃၄၄.၂၈၅ |
| စုစုပေါင်းအသုံးစရိတ် | ၁၉,၈၀၂.၈၀၉ | ၂၄,၉၅၄.၆၁၆ | (+) ၅,၁၅၁.၈၀၇ |
| ပိုငွေ(+) /လိုငွေ(-) | (-) ၂,၀၉၅.၅၉၈ | (-) ၄,၉၀၃.၁၂၀ | (+) ၂,၈၀၇.၅၂၂ |
| ဂျီဒီပီတန်ဖိုး | ၉၀,၄၅၀.၉၄၉ | ၁၀၆,၀၉၆.၃၃၆ | |
| လိုငွေနှင့်ဂျီဒီပီအချိုး | ၂.၃၂% | ၄.၆၂% | |

၆။ ပြည်ပအကူအညီရငွေနှင့် ပြည်ပချေးငွေတို့ဖြင့် သုံးစွဲရန်လျာထားသည့် မြန်မာကျပ်ငွေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်ဘီလီယံ)

| | အကြောင်းအရာ | သာမန် | ငွေလုံးငွေရင်း | ကြွေးမြီ | စုစုပေါင်း |
|---|---|---|---|---|---|
| (က) | ပြည်ပအကူအညီရငွေဖြင့် သုံးစွဲမည့်ငွေ | ၂၈၄.၄၁၇ | ၃၉၅.၂၇၆ | ၂.၄၈၅ | ၆၈၂.၁၇၈ |
| (ခ) | ပြည်ပချေးငွေဖြင့် သုံးစွဲမည့်ငွေ | ၅၃.၆၀၂ | ၁,၉၁၈.၂၅၁ | ၂၁၈.၈၅၆ | ၂,၁၉၀.၇၀၉ |
| | စုစုပေါင်း | ၃၃၈.၀၁၉ | ၂,၃၁၃.၅၂၇ | ၂၂၁.၃၄၁ | ၂,၈၇၂.၈၈၇ |

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် လျာထားသော ပြည်ပအကူအညီရငွေမှာ အမေရိကန်ဒေါ်လာတန်ဖိုးဖြင့် ဝ.၃၈၆ ဘီလီယံဖြစ်ပြီး ပြည်ပချေးယူရငွေမှာ အမေရိကန်ဒေါ်လာတန်ဖိုးဖြင့် ၁.၆၁၁ ဘီလီယံ ဖြစ်ပါသည်။

၇။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ လိုငွေကျပ် ၁,၇၉၃.၆၄၅ **ဘီလီယံကို** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဖြည့်ဆည်း ပေးရန် လျာထားပါသည်။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုမှ တိုင်းဒေသကြီး/ ပြည်နယ်များသို့ သွင်းကုန်တင်သွင်းမှုအပေါ် ကောက်ခံရရှိသည့် ငွေမှအပဖြစ်သော ကျပ်ငွေဖြင့် ကောက်ခံရရှိသည့် ကုန်သွယ်လုပ်ငန်းခွန်၏ ၁၅%၊ အထူးကုန်စည်ခွန်၏ ၁၅% နှင့် ပုဂ္ဂိုလ်တစ်ဦးချင်းထံမှ ကောက်ခံရရှိသည့် ဝင်ငွေခွန်၏ ၅% ၊ စုစုပေါင်း ကျပ် ၃၃၆.၉၁၈ ဘီလီယံကို အခွန်ဝေစုအဖြစ် ခွဲဝေပေးခဲ့ပါသည်။

၈။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေနှင့်အညီ ပြည်ထောင်စုလွှတ်တော်က မြို့နယ်ကိုအခြေခံ၍ ခွဲဝေသတ်မှတ်သည့် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်သုံးစွဲရန် ကျပ် ၃၂.၂၀၀ ဘီလီယံကို အထူးကိစ္စများအတွက် ထောက်ပံ့မှုအဖြစ် သတ်မှတ်၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ လွှဲပြောင်းပေးရန် ထည့်သွင်းလျာထားပါသည်။

၉။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် စပ်လျဉ်း၍ ကောက်နုတ်တင်ပြချက်များကို **နောက်ဆက်တွဲ(က)**ဖြင့် ဖော်ပြပါသည်။

၁၀။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဥပဒေကြောင်းအရ သဘောထား မှတ်ချက်ရယူပြီး ဖြစ်ပါသည်။

၁၁။ သို့ဖြစ်ပါ၍ ဘဏ္ဍာရေးကော်မရှင်သည် ပြည်ထောင်စုနယ်မြေ အသုံးစရိတ်များ ပါရှိသော ၂၀၁၈-၂၀၁၉ ခု ၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွက် ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေမှ ဘဏ္ဍာငွေများကို သင့်လျော်သလို ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စတစ်ရပ် အနေဖြင့် ထောက်ပံ့ခြင်း၊ ချေးငွေများ ခွင့်ပြုခြင်းအပါအဝင် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ ထောက်ခံ တင်ပြအပ်ပါသည်။

နောက်ဆက်တွဲ(က)

# ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်
# ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍
# ကောက်နှုတ်တင်ပြချက်

## ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အထိ ပြည်ထောင်စု၏ ရငွေအခြေအနေ

၁။ နှစ်အလိုက် တိုးတက်လာသည့် ရငွေအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်ဘီလီယံ)

| ဘဏ္ဍာရေးနှစ် | ရငွေ | တိုးတက်မှု | |
|---|---|---|---|
| | | ပမာဏ | နှုန်း |
| ၂၀၁၁-၂၀၁၂(အမှန်) | ၆,၄၅၃.၆၅၈ | | |
| ၂၀၁၂-၂၀၁၃(အမှန်) | ၁၂,၁၅၄.၈၄၇ | ၅,၇၀၁.၁၈၉ | ၈၈.၃၄% |
| ၂၀၁၃-၂၀၁၄(အမှန်) | ၁၄,၂၀၄.၃၃၃ | ၂,၀၄၉.၄၈၆ | ၁၆.၈၆% |
| ၂၀၁၄-၂၀၁၅ (အမှန်) | ၁၆,၈၀၈.၆၅၁ | ၂,၆၀၄.၃၁၈ | ၁၈.၃၃% |
| ၂၀၁၅-၂၀၁၆(အမှန်) | ၁၆,၅၉၈.၉၅၅ | (-) ၂၀၉.၆၉၆ | (-) ၁.၂၅% |
| ၂၀၁၆-၂၀၁၇ (ရှေ့ပြေးအမှန်) | ၁၆,၉၉၀.၀၀၈ | ၃၉၁.၀၅၃ | ၂.၃၆% |
| ၂၀၁၇-၂၀၁၈ (ယာယီအမှန်) | ၁၇,၇၀၇.၂၁၁ | ၇၁၇.၂၀၃ | ၄.၂၂% |
| ၂၀၁၈-၂၀၁၉ (မူလ) | ၂၀,၀၅၁.၄၉၆ | ၂,၃၄၄.၂၈၅ | ၁၃.၂၄% |

## ၂၀၁၁-၂၀၁၂ ခု ၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အထိ ပြည်ထောင်စု၏ သုံးငွေအခြေအနေ

၂။ နှစ်အလိုက်တိုးတက်လာသည့် သုံးငွေအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(ကျပ်ဘီလီယံ)

| ဘဏ္ဍာရေးနှစ် | သုံးငွေ | တိုးတက်မှု | |
|---|---|---|---|
| | | ပမာဏ | နှုန်း |
| ၂၀၁၁-၂၀၁၂(အမှန်) | ၈,၀၈၃.၃၀၄ | | |
| ၂၀၁၂-၂၀၁၃(အမှန်) | ၁၃,၄၀၅.၆၀၂ | ၅,၃၂၂.၂၉၈ | ၆၅.၈၄% |
| ၂၀၁၃-၂၀၁၄(အမှန်) | ၁၄,၉၁၀.၃၉၃ | ၁,၅၀၄.၇၉၁ | ၁၁.၂၃% |

(ကျပ်ဘီလီယံ)

| ဘဏ္ဍာရေးနှစ် | သုံးငွေ | တိုးတက်မှု | |
|---|---|---|---|
| | | ပမာဏ | နှုန်း |
| ၂၀၁၄-၂၀၁၅ (အမှန်) | ၁၇,၆၀၀.၆၀၇ | ၂,၆၉၀.၂၁၄ | ၁၈.၀၄% |
| ၂၀၁၅-၂၀၁၆(အမှန်) | ၁၉,၆၅၃.၇၁၄ | ၂,၀၅၃.၁၀၇ | ၁၁.၆၆% |
| ၂၀၁၆-၂၀၁၇ (ရှေ့ပြေးအမှန်) | ၁၈,၈၈၂.၆၄၄ | (-)၇၇၁.၀၇၀ | (-) ၃.၉၃% |
| ၂၀၁၇-၂၀၁၈ (ယာယီအမှန်) | ၁၉,၈၀၂.၈၀၉ | ၉၂၀.၁၆၅ | ၄.၈၇% |
| ၂၀၁၈-၂၀၁၉ (မူလ) | ၂၄,၉၅၄.၆၁၆ | ၅,၁၅၁.၈၀၇ | ၂၆.၀၂% |

<u>၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အထိ ပြည်ထောင်စု၏ လိုငွေအခြေအနေ</u>

၃။ နှစ်အလိုက်ဖြစ်ပေါ်သည့် လိုငွေ အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်ဘီလီယံ)

| ဘဏ္ဍာရေးနှစ် | လိုငွေပမာဏ | လိုငွေနှင့်ဂျီဒီပီအချိုး |
|---|---|---|
| ၂၀၁၁-၂၀၁၂(အမှန်) | ၁,၆၂၉.၆၄၆ | ၃.၅၀% |
| ၂၀၁၂-၂၀၁၃(အမှန်) | ၁,၂၅၀.၇၅၅ | ၂.၄၄% |
| ၂၀၁၃-၂၀၁၄(အမှန်) | ၇၀၆.၀၆၀ | ၁.၁၉% |
| ၂၀၁၄-၂၀၁၅ (အမှန်) | ၇၉၁.၉၅၆ | ၁.၂၀% |
| ၂၀၁၅-၂၀၁၆(အမှန်) | ၃,၀၅၄.၇၅၉ | ၄.၂၀% |
| ၂၀၁၆-၂၀၁၇ (ရှေ့ပြေးအမှန်) | ၁,၈၉၂.၆၃၆ | ၂.၃၃% |
| ၂၀၁၇-၂၀၁၈ (ယာယီအမှန်) | ၂,၀၉၅.၅၉၈ | ၂.၃၂% |
| ၂၀၁၈-၂၀၁၉ (မူလ) | ၄,၉၀၃.၁၂၀ | ၄.၆၂% |

၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အထိ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ ဖြည့်ဆည်းခြင်း၊ ထောက်ပံ့ခြင်း အခြေအနေ

၄။ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်ဘီလီယံ)

| ဘဏ္ဍာရေးနှစ် | လိုငွေအတွက် ဖြည့်ဆည်း ပေးခြင်း | အထူးကိစ္စအတွက် ထောက်ပံ့ပေးခြင်း | စုစုပေါင်း |
|---|---|---|---|
| ၂၀၁၁-၂၀၁၂(အမှန်) | ၁၆၀.၂၀၁ | | ၁၆၀.၂၀၁ |
| ၂၀၁၂-၂၀၁၃(အမှန်) | ၄၃၇.၀၃၈ | ၁၆.၀၀၀ | ၄၅၃.၀၃၈ |
| ၂၀၁၃-၂၀၁၄(အမှန်) | ၄၉၈.၂၈၀ | ၁၄.၀၀၀ | ၅၁၂.၂၈၀ |
| ၂၀၁၄-၂၀၁၅ (အမှန်) | ၁,၄၅၇.၆၃၆ | ၈၁.၅၉၉ | ၁,၅၃၉.၂၃၅ |
| ၂၀၁၅-၂၀၁၆(အမှန်) | ၁,၅၉၁.၈၄၀ | ၁၁၅.၂၉၃ | ၁,၇၀၇.၁၃၃ |
| ၂၀၁၆-၂၀၁၇ (ရှေ့ပြေးအမှန်) | ၁,၆၂၇.၇၀၈ | ၃၁.၆၃၂ | ၁,၆၅၉.၃၄၀ |
| ၂၀၁၇-၂၀၁၈ (ယာယီအမှန်) | ၁,၅၆၈.၁၈၈ | ၃၁.၆၇၁ | ၁,၅၉၉.၈၅၉ |
| ၂၀၁၈-၂၀၁၉ (မူလ) | ၁,၇၉၃.၆၄၅ | ၃၂.၂၀၀ | ၁,၈၂၅.၈၄၅ |

မှတ်ချက်။ လိုငွေအတွက် ဖြည့်ဆည်းပေးခြင်းမှာ တိုင်းဒေသကြီး/ပြည်နယ်များ၏ သုံးငွေက ရငွေထက် ပိုမိုသဖြင့် ဖြစ်ပေါ်လာသော လိုငွေအတွက် ဖြည့်ဆည်းပေးခြင်း ဖြစ်ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်များ၏ လိုငွေဖြည့်ဆည်းခြင်း

၅။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး/ ပြည်နယ်များအတွက် ဘဏ္ဍာရေးကော်မရှင်က အတည်ပြုလျာထားသော လိုငွေဖြည့်ဆည်းပေးမည့် အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(ကျပ်ဘီလီယံ)

| တိုင်းဒေသကြီး/ပြည်နယ် | လိုငွေဖြည့်ဆည်းပေးခြင်း |
|---|---|
| ကချင်ပြည်နယ် | ၁၅၈.၂၈၂ |
| ကယားပြည်နယ် | ၅၄.၉၃၄ |
| ကရင်ပြည်နယ် | ၇၉.၁၁၅ |
| ချင်းပြည်နယ် | ၁၃၇.၀၆၀ |
| စစ်ကိုင်းတိုင်းဒေသကြီး | ၁၈၂.၃၆၉ |
| တနင်္သာရီတိုင်းဒေသကြီး | ၁၄၇.၇၅၄ |
| ပဲခူးတိုင်းဒေသကြီး | ၁၃၁.၉၂၉ |
| မကွေးတိုင်းဒေသကြီး | ၁၄၇.၀၈၀ |
| မန္တလေးတိုင်းဒေသကြီး | ၁၁၄.၉၁၄ |
| မွန်ပြည်နယ် | ၇၉.၆၇၉ |
| ရခိုင်ပြည်နယ် | ၁၄၈.၅၈၀ |
| ရန်ကုန်တိုင်းဒေသကြီး | ၆၂.၆၅၄ |
| ရှမ်းပြည်နယ် | ၂၂၄.၀၉၁ |
| ဧရာဝတီတိုင်းဒေသကြီး | ၁၂၅.၂၀၄ |
| ပေါင်း | ၁,၇၉၃.၆၄၅ |

<u>ပြည်ထောင်စုမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ ခွဲဝေပေးမည့် အခွန်ဝေစုလျာထားချက်</u>

၆။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အထိ ပြည်ထောင်စုမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ ခွဲဝေပေးမည့် အခွန်ဝေစုလျာထားချက် အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(ကျပ်ဘီလီယံ)

| တိုင်းဒေသကြီး/ပြည်နယ် | အခွန်ဝေစုလျာထားချက် |
|---|---|
| ကချင်ပြည်နယ် | ၅.၁၈၆ |
| ကယားပြည်နယ် | ၂.၈၃၂ |
| ကရင်ပြည်နယ် | ၅.၁၅၂ |
| ချင်းပြည်နယ် | ၅.၅၅၆ |
| စစ်ကိုင်းတိုင်းဒေသကြီး | ၈.၁၆၃ |
| တနင်္သာရီတိုင်းဒေသကြီး | ၃.၉၉၃ |
| ပဲခူးတိုင်းဒေသကြီး | ၆.၁၄၆ |
| မကွေးတိုင်းဒေသကြီး | ၅.၆၀၆ |
| မန္တလေးတိုင်းဒေသကြီး | ၂၅.၉၁၂ |
| မွန်ပြည်နယ် | ၃.၅၄၆ |
| ရခိုင်ပြည်နယ် | ၆.၈၈၉ |
| ရန်ကုန်တိုင်းဒေသကြီး | ၂၃၉.၀၂၀ |
| ရှမ်းပြည်နယ် | ၁၁.၈၁၃ |
| ဧရာဝတီတိုင်းဒေသကြီး | ၇.၁၀၄ |
| **ပေါင်း** | **၃၃၆.၉၁၈** |